**ခေတ်မီတိုးတက်နေသော နည်းပညာရပ်များဖြစ်သည့် ရှေးအစဉ်အလာ မြန်မာတို့ အသုံးပြုခဲ့သော မြန်မာ့တိုင်းရင်းနည်းပညာရပ်များနှင့် တူညီမှုရှိသော အချက်အလက်များအား စုစည်းတင်ပြခြင်း**


လှိုင်မိုးမြတ်၊ ကြွယ်ဝေဖြိုး၊ သီတာဆွေ

(သုတေသနဌာနခွဲ၊ တိုင်းရင်းဆေးပညာဦးစီးဌာန)


မြန်မာ့တိုင်းရင်းဆေးပညာသည် သမားစဉ်ဆက်ဘိုးဘွားများမှသည် ယနေ့တိုင်အောင် နှစ်ပေါင်းရာထောင်ချီရှည်လျားခိုင်မာသည့် မြန်မာ့ယဉ်ကျေးမှုသမိုင်းစဉ်တစ်လျှောက် မြန်မာ့ရေမြေ သဘာဝ၊ ဓလေ့ထုံးထမ်းစဉ်လာ၊ အတွေးအခေါ် အယူအဆများနှင့် ယှက်နွယ်ပေါက်ဖွား ရှင်သန်လာသော ဆေးပညာရပ်ဖြစ်ပါသည်။ ယခုတိုးတက်နေသော ခေတ်နှင့်အညီ နိုင်ငံတကာ နည်းပညာရပ်များဖြစ်သော GACP (Good Agriculture & Collection Practice) နည်းပညာ များသည် ရှေးယခင်ကပင် တိုင်းရင်းဆေးပညာရပ်များ၌ အသုံးပြုခဲ့ကြသော နည်းပညာရပ်များနှင့် တူညီကြောင်း လေ့လာသိရှိခဲ့ရပါသည်။

သို့ပါ၍ ခေတ်မီတိုးတက်နေသော နည်းပညာရပ်များသည် ရှေးအစဉ်အလာ မြန်မာတို့ အသုံးပြုခဲ့သော နည်းပညာရပ်များနှင့် တူညီသော အချက်အလက်များကို စုစည်း၍ တိုင်းရင်းဆေး ပညာရှင်များ GACP နည်းပညာကို အလွယ်တကူနားလည် သဘော ပေါက်စေရန်၊ သဘာ ဝဆေးဖက်ဝင်အပင်များနှင့် ဖော်စပ်ထားသော တိုင်းရင်းဆေးဝါးများ၏ အာနိသင်များ၊ အကျိုးဆက်များလျော့နည်းမသွားစေရန်၊ တိုင်းရင်းဆေးဝါးများ အပေါ် ယုံကြည်အားထားကာ အသုံးပြုနေကြသော ပြည်သူများ အတွက်လည်း အရိုးပေါ် အရွက်မဖုံးစေရန် ရည်ရွယ်ထားသော စာတမ်းဖြစ်ပါသည်။